Message Two

**ကိုင်းဆက်ခံရသော အသက်တာ**

ဖတ်ရန်ကျမ်း။ ။ယောဝ၁၅း၁၊ ၄-၅။ ရောမ၁၁း၁၇-၂၄။ ၁ကော၆း၁၇

**I. ခရစ်တော်၌ ယုံကြည်သူများအနေဖြင့် ကျွန်ုပ်တို့သည် ကိုင်းဆက်ခံရသော အသက်တာ - သခင်ဘုရားနှင့် ကျွန်ုပ်တို့ တစ်ဝိညာဉ်တည်းဖြစ်ကာ၊ ကိုယ်တော်နှင့်အတူ ရှင်သန်သောပေါင်းစည်းဆက်နွယ်၌ရှိသော အသက်တာကို အသက်ရှင်သင့်သည် - ၁ကော၊ ၆း၁၇။ ယော၁၅း၄။**

**II. သမ္မာကျမ်းစာက ဘုရားသခင်သည် လူနှင့်အတူ ရရှိလိုသော ဆက်နွယ်မှုမှာ ကိုယ်တော်နှင့်လူသည် တစ်လုံးတစ်ဝတည်းဖြစ်လာရန်ပင်ဖြစ်ကြောင်း ဖွင့်ပြထားသည် - ၁ကော၊၆း၁၇။**

A. ဘုရားသခင်သည် ဘုရားအသက်နှင့် လူသားအသက် အတူတကွ ပေါင်းစည်းဆက်နွယ်ကာ အသက်တစ်ခုတည်း ဖြစ်လာစေရန် အလိုတော်ရှိသည် - ယော၊ ၁၅း၁၊ ၄-၅။

B. ဤတစ်လုံးတစ်ဝတည်းဖြစ်ခြင်းသည် ရှင်သန်သော ပေါင်းစည်းခြင်း၊ အသက်၌ ပေါင်းစည်းခြင်း -ကိုင်းဆက်ခံရသော အသက်တာ ဖြစ်သည်။

C. ဘုရားအသက်နှင့် လူသားအသက်သည် တစ်ခုတည်းအဖြစ်သို့ ကိုင်းဆက်ခံရခြင်း ခံယူချက်မှာ နက်နဲပြီး၊ ဇာတိ ခံယူချက်ထက် ကျော်လွန်ကာ၊ လူသားစဉ်းစားခြင်းအဖို့ ခြားနားသောအရာ ဖြစ်သည်။

**III. ကိုင်းဆက်ခြင်း၌ ဆင်တူသောအသက်နှစ်ခုသည် ပေါင်းစည်းဆက်နွယ်ပြီး၊ ထိုနောက် အတူတကွ ကြီးထွားလာခြင်း ဖြစ်သည် - ရော၊ ၁၁း၁၇-၂၄။**

A. ကိုင်းဆက်ခြင်းသည် ကိုင်းဆက်မည့်အသက်နှစ်ခုလုံး ဆင်တူဖြစ်မှသာလျှင် အကျိုးထိရောက်နိုင်မည်ဖြစ်သည်။

B. ကျွန်ုပ်တို့၏ လူသားအသက်သည် ဘုရားသခင်၏ ပုံသဏ္ဍာန်တော်၌ ဘုရားသခင်၏သဏ္ဍာန်နှင့် တစ်ညီတည်းဖြစ်ခြင်း အတိုင်း ပြုလုပ်ခံရသောကြောင့်၊ ၎င်းသည် ဘုရားအသက်နှင့် ပေါင်းစည်းဆက်နွယ်နိုင်ခြင်း ဖြစ်သည်။

C. ကျွန်ုပ်တို့၏ လူသားအသက်သည် ဘုရားဆိုင်ရာအသက်နှင့် ဆင်တူသည်။ ထို့ကြောင့် ဘုရားအသက်နှင့် လူသားအသက် အတူတကွ ကိုင်းဆက်နိုင်ပြီး၊ အသက်ဆိုင်ရာ အတူတကွ ကြီးထွားနိုင်ခြင်း ဖြစ်သည်။

**IV. ကျွန်ုပ်တို့သည် ခရစ်တော်အထဲသို့ ကိုင်းဆက်ခြင်းခံရရန်အလို့ငှာ ကိုယ်တော်သည် လူ့ဇာတိခံခြင်း၊ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်း ဖြစ်စဉ်တို့ကို ဖြတ်ကျော်ခဲ့ရသည်။**

A. ခရစ်တော်သည် ဒါဝိဒ်၏မျိုးစေ့၊ ဒါဝိဒ်၏အကိုင်းအခက်၊ အညွန့်ဖြစ်ရန် အသွေးအသားဖြစ်လာခဲ့သည်။ သို့မှသာ ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်အတူတကွ ကိုင်းဆက်ခံရနိုင်မည်ဖြစ်သည်။ ကိုယ်တော်သည် ကျွန်ုပ်တို့ကဲ့သို့ ဖြစ်လာတော်မူခဲ့သည်၊ သို့မှသာ ကိုယ်တော်နှင့် ကျွန်ုပ်တို့သည် အတူတကွ ကိုင်းဆက်ခြင်းရှိနိုင်မည် ဖြစ်သည်-ယော၁း၁၄။ မ၁း၁။ ဇာ၃း၈။ ယေ၊၂၃း၅။ ၃၃း၁၅။

B. ခရစ်တော်သည် ကားတိုင်ပေါ် "ဖြတ်တောက်"ခံရသည်၊ သို့မှသာ ကျွန်ုပ်တို့သည် ကိုယ်တော်အထဲသို့ ကိုင်းဆက်ခြင်း ရှိနိုင်မည်ဖြစ်သည်။

1. ခရစ်တော်သည် ဒါဝိဒ်၏အကိုင်းအခက် ဖြစ်လာခြင်းမှာ ကိုယ်တော်သည် ကျွန်ုပ်တို့နှင့်အတူ ပေါင်းစည်းနိုင်သည်ဟု မဆိုလိုပါ။

2. ကိုင်းဆက်ခြင်းမှာ ဖြတ်တောက်ခြင်း လိုအပ်သည်။ အကိုင်းနှစ်ခုလုံးသည် ဖြတ်တောက်ထားခြင်းမရှိပါက အတူတကွ ကိုင်းဆက်နိုင်မည် မဟုတ်ပါ။

    a. ခရစ်တော်သည် ကားတိုင်ပေါ် ကိုယ်တော် အသေခံသောအခါ ဖြတ်တောက်ခြင်း ခံတော်မူသည်။

    b. ကျွန်ုပ်တို့သည် နောင်တရ၍ သခင်ဘုရားကို လက်ခံသောအခါ ဖြတ်တောက်ခြင်း ခံရသည်။

3. ဖြတ်တောက်ခြင်းဖြစ်ပေါ် ပြီးနောက် ပေါင်းစည်းဆက်နွယ်ခြင်းနှင့် အသက်ဆိုင်ရာပေါင်းစည်းခြင်းသည် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ထို့ကြောင့် ကိုင်းဆက်ခြင်း၌ ကျွန်ုပ်တို့သည် ဖြတ်တောက်ခြင်း၊ ပေါင်းစည်းဆက်နွယ်ခြင်း၊ အသက်ဆိုင်ရာပေါင်းစည်းခြင်းတို့ကို ရရှိသည်။

C. ခရစ်တော်သည် ကားတိုင်ပေါ်မှာ ဖြတ်တောက်ခံပြီးနောက် ကိုယ်တော်သည် အသက်ပေးသော ဝိညာဉ်တော် ဖြစ်လာရန် ရှင်ပြန်ထမြောက်တော်မူခဲ့သည် - ၁ကော၊ ၁၅း၄၅ခ။ ၂ကော၊ ၃း၁၇က။

1. ထိုသို့သောဝိညာဉ်တော် ဖြစ်လာခြင်းအားဖြင့် ခရစ်တော်သည် ကိုင်းဆက်ရန်အတွက် အဆင်သင့် ဖြစ်မည် ဖြစ်သည်။

2. ကျွန်ုပ်တို့သည် နောင်တရ၍ သခင်ဘုရားကို လက်ခံလိုက်သည်နှင့် ကိုယ်တော်သည် အသက်ပေးသော ဝိညာဉ်တော်အဖြစ် ကျွန်ုပ်တို့ ဝိညာဉ်အထဲသို့ ဝင်ရောက်ကာ၊ ဘုရားအသက်ကို ကျွန်ုပ်တို့အထဲသို့ ယူဆောင်လာပေးပြီး ကျွန်ုပ်တို့သည် ခရစ်တော်နှင့်အတူတကွ ကိုင်းဆက်ခံရသည် - ယော၊ ၂၀း၂၂။ ရော၊၈း၁၁။

a. ဤအသက်သည် သေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်း အသက် ဖြစ်သည်။

b. အသက်ပေးသော ဝိညာဉ်တော်အဖြစ် ခရစ်တော်သည် သေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းသို့ သော့ကို ကျွန်ုပ်တို့ ယုံကြည်သူများအထဲသို့ ယူဆောင်လာပေး၍၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်နှင့် အသေခံ၍ ထမြောက်ခြင်း ရှိနိုင်မည်ဖြစ်သည် - ဂလ၊ ၂း၂၀။

c. ဤသေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်း၌ ကျွန်ုပ်တို့သည် ခရစ်တော်နှင့်အတူတကွ ကိုင်းဆက်ခြင်းခံရသည်။

## V. အသစ်တဖန်မွေးဖွားခြင်း ခံရသူများအနေနှင့် ကျွန်ုပ်တို့သည် ကိုင်းဆက်သောအသက်တာ - ရှင်သန်စွာ ကြီးထွားရန် အုပ်စုနှစ်ခုသည် အတူပေါင်းစည်းခြင်း အသက်တာ - ကို အသက်ရှင်သင့်သည် - ယော၊ ၁၅း၁၊ ၄-၅။

A. ကျွန်ုပ်တို့သည် ခရစ်တော်အထဲသို့ ကိုင်းဆက်ခံရပြီးနောက် ကျွန်ုပ်တို့ မိမိတို့ကိုယ်တိုင်အားဖြင့် အသက်မရှင်သင့်တော့ပါ၊ ယင်းအစား နျူမက်တစ်ခရစ်တော်ကို ကျွန်ုပ်တို့အထဲ၌ အသက်ရှင်ရန် အခွင့်ပေးသင့်ပါသည် - ဂလ၊ ၂း၂၀။

B. ကျွန်ုပ်တို့သည် မိမိတို့၏အသွေးအသားအားဖြင့် သို့မဟုတ် ကျွန်ုပ်တို့၏ ဇာတိဖြစ်ခြင်းအားဖြင့် အသက်မရှင်သင့်တော့ပါ။ ယင်းအစား ကျွန်ုပ်တို့၏ အသစ်တစ်ဖန်မွေးဖွားသော ဝိညာဉ်၊ ခရစ်တော်နှင့် ကိုင်းဆက်ထားသော ဝိညာဉ်၌ အသက်ရှင်သင့်သည် - ရော၊ ၈း၄။

C. ဤကိုင်းဆက်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်နှင့် ပေါင်းစည်းကြပြီး၊ ကိုယ်တော်နှင့် ရောနှောကြကာ၊ ခရစ်တော်၏ ကိုယ်ခန္ဓာတော်ဖြစ်လာရန် ကိုယ်တော်နှင့် ပေါင်းစည်းပါဝင်ခြင်း ရှိကြသည် -၁၂း၄-၅။

## VI. ကိုင်းဆက်သောအသက်တာသည် အလဲအလှယ်လုပ်သော အသက်မဟုတ်ဘဲ၊ လူသားအသက်နှင့် ဘုရားအသက် ရောနှောပေါင်းစည်းခြင်း ဖြစ်သည် - ဂလ၊ ၂း၂၀။

A. အလဲအလှယ်လုပ်သော အသက်၏ ခံယူချက်မှာ ကျွန်ုပ်တို့၏ လူသားအသက်ကို သခင်ဘုရားထံသို့ ပေးအပ်ပြီး၊ ကိုယ်တော်သည် ၎င်းကို သူ၏ ဘုရားအသက်နှင့် အစားထိုးခြင်း ဖြစ်သည်။

B. ခရစ်ယာန်အသက်တာသည် အလဲအလှယ်လုပ်သော အသက်တာ မဟုတ်ဘဲ၊ ကိုင်းဆက်ခံရသော အသက်တာ - လူသားအသက်နှင့် ဘုရားအသက်၏ ရောနှောပေါင်းစည်းခြင်း အသက်တာ ဖြစ်သည် - ရော၊ ၆း၃-၅။ ယော၊ ၁၅း၁၊ ၄-၅။

1. ထိုနေရာတွင် အသက်များကို အလဲအလှယ်လုပ်ခြင်း သို့မဟုတ် အရောင်းအဝယ်လုပ်ခြင်း မရှိပါ။

2. အလဲအလှယ်လုပ်ခြင်းအစား ဘုရားအသက်ကို လူသားအသက်အထဲသို့ ဝေငှဖြန့်ဖြူးခြင်း၊ ဖြည့်သွင်းပေးခြင်း၊ ဘုရားအသက်နှင့် လူသားအသက် ရောနှောပေါင်းစည်းခြင်းသာ ရှိသည်။

C. ခရစ်ယာန် တွေ့ကြုံခံစားခြင်း၌ အံ့သြဖွယ် အကောင်းဆုံးသော စစ်မှန်ခြင်းမှာ ခရစ်တော်၌ ယုံကြည်သူများသည် အသက်၏နည်းလမ်း၌ ခရစ်တော်နှင့်အတူ ပေါင်းစည်းဆက်နွယ်ခြင်းဖြစ်သည် - ၁ကော၊၆း၁၇။

1. ခရစ်တော် ဖြစ်တော်မူသမျှနှင့် ကိုယ်တော်ပြုတော်မူသမျှတို့သည် တစ်ခုတည်းသောအရာအတွက်ဖြစ်သည် - ယင်းမှာ ကိုယ်တော်နှင့် ကျွန်ုပ်တို့သည် ရှင်သန်သော ပေါင်းစည်းခြင်းရှိပြီး၊ ကိုင်းဆက်သော အသက်တာကို အသက်ရှင်နိုင်ရန် ဖြစ်သည် - ယော၊၁၅း၄-၅။

2. ကိုယ်တော်၏ ပြန်လည်ရယူခြင်း၌ သခင်ဘုရားသည် ကိုင်းဆက်ခံရသော အသက်တာ အကြောင်းအရာတည်းဟူသော ဤလျှစ်လျူရှုခံရသော အကြောင်းအရာကို ပြန်လည်ရယူတော်မူသည်။

**VII. ကိုင်းဆက်ခံရသောအသက်တာ၌ လူသားအသက်ကို ဖယ်ရှားလိုက်ခြင်းမဟုတ်ဘဲ၊ ဘုရားအသက်အားဖြင့် ခွန်အားဖြည့်ပေးခြင်း၊ မြှင့်တင်ပေးခြင်းနှင့် ကြွယ်ဝစေခြင်းခံရသည် -ရော၊ ၁၁း၁၇-၂၄။**

A. ကိုင်းဆက်ခံရသောအသက်တာ၌ အကိုင်းအခက်သည် ၎င်း၏ တူညီ၍ မရှိမဖြစ်လိုအပ်သော ဝိသေသလက္ခဏာများကို ထိန်းသိမ်းထားဆဲဖြစ်သော်လည်း၊ ၎င်း၏အသက်သည် ပိုမိုကောင်းမွန်သော အသက်အထဲသို့ ကိုင်းဆက်ခြင်းဖြင့် မြှင့်တင်ခံရကာ ပုံသဏ္ဍာန်ပြောင်းလဲသွားသည်။

1. ပိုမိုမြင့်မားသော အသက်သည် နိမ့်ကျသောအသက်ကို အနိုင်ယူလွှမ်းမိုးသည်။
2. ပိုမိုမြင့်မားသော အသက်သည် နိမ့်ကျသောအသက်ကို ကြွယ်ဝစေကာ၊ မြှင့်တင်၍ ပုံသဏ္ဍာန်ပြောင်းလဲပေးသည်။

B. ကိုင်းဆက်ခံရသော အသက်၌ ဘုရားအသက်သည် ကျွန်ုပ်တို့အတွင်း၌ လုပ်ဆောင်ပေးကာ အနုတ်လက္ခဏာဆောင်သော ဒြပ်သဘာဝများကို ဖယ်ထုတ်ပေးသည် - ၂ကော၊ ၃း၁၈။

1. ဘုရားအသက်သည် ဇာတိဆိုင်ရာမှန်သမျှကို ဖယ်ထုတ်ရန် တဖြည်းဖြည်းနည်းလမ်းဖြင့် လုပ်ဆောင်သည်။
2. ကျွန်ုပ်တို့၏ ပင်ကိုစိတ်ရှိ အနုတ်လက္ခဏာဆိုင်ရာ ဒြပ်သဘာဝကို သေစေပြီးနောက် ကျွန်ုပ်တို့၏ ပင်ကိုစိတ်ကို ဖယ်ရှားမည့်အစား သခင်ဘုရားသည် ၎င်းကို မြှင့်တင်ကာ၊ အသုံးပြုတော်မူသည်။

C. ကိုင်းဆက်ခံရသောအသက်တာ၌ ဘုရားအသက်သည် ဘုရားသခင်၏ နဂိုမူလ ဖန်ဆင်းခြင်းကို ရှင်ပြန်ထမြောက်စေသည် - ယော၊၁၁း၂၅။

1. ကိုယ်တော်၏ ဖန်ဆင်းခြင်းကို စွန့်လွှတ်လိုက်မည့်အစား ဘုရားသခင်သည် ၎င်းကို ပြန်ရယူခဲ့သည်။
2. ဘုရားသခင်သည် ကျွန်ုပ်တို့ ဖြစ်ခြင်းသွင်ပြင်အားလုံးကို ရှင်ပြန်ထမြောက်စေရန် ရည်ရွယ်တော်မူသည် - ဖိ၊ ၃း၁၁။
   a. ဘုရားအသက်သည် အနုတ်လက္ခဏာအရာများကို ဖယ်ထုတ်ပေးသည်နှင့်အမျှ၊ ၎င်းသည် ဘုရားသခင်၏ နဂိုမူလ ဖန်ဆင်းခြင်းကို ရှင်ပြန်ထမြောက်စေရန် လုပ်ဆောင်လျက်ရှိသည်။
   b. ဤနည်းအားဖြင့် ကျွန်ုပ်တို့၏ မူလလုပ်ဆောင်ချက်များဖြစ်သော - ဖန်ဆင်းခြင်း၌ ကျွန်ုပ်တို့အား ပေးအပ်ခံရသော လုပ်ဆောင်ချက်များ- သည် ပြန်လည်ရရှိကာ၊ ခွန်အားခိုင်ခံ့လာပြီး ကြွယ်ဝခြင်းရှိလာသည် - ဂလ၊၂း၂၀။

D. ကိုင်းဆက်ခံရသောအသက်တာ၌ ဘုရားအသက်သည် ကျွန်ုပ်တို့၏ ဖြစ်ခြင်းအတွင်းပိုင်းများသို့ ခရစ်တော်၏ ကြွယ်ဝခြင်းများကို မစထောက်ပံ့ပေးသည် - ရော၊၁၂း၂။

1. ကျွန်ုပ်တို့၏ ရှင်ပြန်ထမြောက်ပြီး၊ မြှင့်တင်ခြင်းခံရသော စွမ်းရည်သည် ခရစ်တော်၏ကြွယ်ဝခြင်းများနှင့် မစထောက်ပံ့ ခံရသည်။
2. ထိုသို့သော ထောက်ပံ့မစပေးခြင်းအားဖြင့် ကျွန်ုပ်တို့သည် အသိဉာဏ်၊ ခံစားမှုနှင့် အလိုဆန္ဒတို့၌ အသစ်ပြုပြင်ခံရကြသည်။

E. ကိုင်းဆက်ခံရသောအသက်တာ၌ ဘုရားအသက်သည် ကျွန်ုပ်တို့၏ဖြစ်ခြင်းတစ်ခုလုံးကို ပျော်ဝင်ပြည့်ဝစေသည် - ၈း၂၉-၃၀။

1. ခရစ်တော်၏ ကြွယ်ဝခြင်းများသည် ကျွန်ုပ်တို့အား ပျော်ဝင်ပြည့်ဝစေကာ၊ ကျွန်ုပ်တို့ကို ပုံသဏ္ဍာန်ပြောင်းလဲပေးသည် -၁၂း၂။ ၂ကော၊ ၃း၁၈။
2. ဤဘုရားအသက်၏ ပျော်ဝင်ပြည့်ဝခြင်းအားဖြင့် ကျွန်ုပ်တို့သည် ခရစ်တော်၏ ပုံသဏ္ဍာန်တော်သို့ သဏ္ဍာန်တူညီလာကြသည် - ရော၊ ၈း၂၉။

© 2024 Living Stream Ministry